**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ (၁၅-၇-၂၀၂၆)**

**မေးခွန်းများဖြေကြားချက်နှင့် အဆိုဆွေးနွေးချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်**က သီပေါမြို့နယ်၊ လောဝ်ခွန် - မူးလေး - တိန်ခမ်း - ဖိုက်ကန်လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ရာသီမရွေးသွားလာနိုင်ရန် မြေသားလမ်း တစ်မိုင်အား ကျောက်ခင်းလမ်းအဖြစ် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးကိုကိုဦး၊ ချမ်းမြသာစည်မဲဆန္ဒနယ်**က ချမ်းမြသာစည်မြို့နယ်၊ ၁၀၉ လမ်း (၅၅ x ၅၆)ကြားရှိ ပန်းရံတော်ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** အရှည် ပေ ၆၀ အကျယ် ပေ ၃၀ တံတား တစ်စင်းတည်ဆောက်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်း လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီးကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဒေါ်ဥမ္မာမိုမိုဇော်၊ သဲကုန်းမဲဆန္ဒနယ်**က သဲကုန်းမြို့နယ်၊ အင်းမချောင်းကူး တံတားအနောက်ဘက်မှ မြို့တွင်းသို့ (၃)ဖာလုံခန့်အား လမ်းသား အမြင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ရေကျော်နေသည့် လမ်းပိုင်း ၃ ဖာလုံအား လမ်းသားမြှင့်တင် တည်ဆောက်ခြင်းကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဦးမြင့်ဇော်လင်း၊ ဖြူးမဲဆန္ဒနယ်**က ကညွတ်ကွင်းမြို့အနောက် ရွာချင်း ဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** အမာခံလမ်းပိုင်း တစ်မိုင်အား ကျောက်ခင်း လမ်းအဖြစ် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိလမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅။ | **ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်**က မင်းလှမြို့နယ်၊ အမှတ်(၇)၊ ရပ်ကွက် ရှိလမ်းသွယ် (၆)လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းသွယ် ၁၊ ၂ ရှိဂဝံလမ်း ၁၁၅၀ ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ကနဦးဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းသွယ်များအား အဆင့်မြှင့်တင်နိုင်ရန် ၂၀၂၈ -၂၀၂၉ နှင့် ၂၀၂၉ -၂၀၃၀ ဘဏ္ဍာနှစ်ရန်ပုံငွေများတွင် ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်** က သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း- ရေနံ့သာ ကားလမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည့် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် အဆိုပါလမ်းပိုင်း ၂၃ မိုင်အား ခရီးသွားလာမှုအဆင်ပြေစေရန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်း မဲဆန္ဒနယ်**က တင်သွင်းသည့် “ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှ ရရှိသော ကိန်းဂဏန်းအချက်အလက်များအား စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း’’ အဆို | ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၆ ဦးကဆွေးနွေးခဲ့ပြီး နောက်နေ့များတွင်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပါသည်။ |